## နိဒါန်း

စိုက်ပျိုးရေးဦးစီးဌာနသည် မိမိအိမ်ခြံဝင်းအတွင်း မိသားစုများ တစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် ဟင်းသီးဟင်းရွက် မျိုးစေ့များ နှင့် ပျိုးပင်များဖြန့်ဝေပေးခြင်းကို ဆောင်ရွက်နေပါသည်။ ထိုသို့ မိမိကိုယ်တိုင်စိုက်ပျိုးသည့် ဟင်းသီးဟင်းရွက်များ အားချက်ပြုတ် စားသုံး၍ ထွက်ရှိလာသည့် မီးဖိုချောင်သုံး စွန့်ပစ်ပစ္စည်းများကို အလဟဿမဖြစ်စေဘဲ မြေဆွေးနှင့် အဏုဇီဝရည်များပြုလုပ်၍ ခြံစိုက်ခင်းများတွင် အသုံးပြုနိုင်ရန် တင်ပြအပ်ပါသည်။

## ရည်ရွယ်ချက်

ဓာတ်မြေသြဇာ ဝယ်ယူရသည့် ကုန်ကျစရိတ် သက်သာစေရန်၊ မိမိခြံစိုက်ခင်းအတွက် လိုအပ်သော သဘာဝမြေသြဇာကို အလွယ်တကူပြုလုပ်ရရှိစေရန်၊ ဓာတုကင်းစင်သော သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ လတ်ဆတ်၍ အာဟာရပြည့်ဝသော ဘေးအန္တရာယ် ကင်းရှင်းသည့် ဟင်းသီးဟင်းရွက်များကို ထုတ်လုပ်ရန် နှင့်စားသုံးနိုင်ရန်အတွက် ဖြစ်ပါသည်။

## (က) မီးဖိုချောင်သုံးစွန့်ပစ်ပစ္စည်းများဖြင့်မြေဆွေးပြုလုပ်ခြင်း

- ဟင်းသီးဟင်းရွက်အကြွင်းအကျန်များ
- သစ်သီးခွံများ
- ကြက်ဥခွံများ
- အစားအသောက် အကြွင်းအကျန်များ
- အခြားထည့်သွင်းနိုင်သောပစ္စည်း (သစ်ရွက်ခြောက် များနှင့် ခြံတွင်းရှိအမှိုက်များ)




မီးဖိုချောင်သုံးစွန့်ပစ်ပစ္စည်းဖြင့်မြေဆွေးပြုလုပ်ခြင်း

## (က-၁) မီးဖိုချောင်စွန့်ပစ်ပစ္စည်းဖြင့် မြေဆွေးပြုလုပ်ပုံ အဆင့်ဆင့်

- ✓ မီးဖိုချောင်စွန့်ပစ်ပစ္စည်းများကို အစိုနှင့် အခြောက် ဟု (၂)မျိုးခွဲခြား စွန့်ပစ်ပါ။ အစိုစွန့်ပစ်ပစ္စည်းဖြစ် သော ဟင်းသီးဟင်းရွက်ခွံများ၊ ကြက်ဥခွံများ၊ အသီးခွံများနှင့် ငါး၊ အသားတို့မှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများအား သေးငယ်အောင် လှီးဖြတ် ၍ ပုံးအလွတ်တစ်ခုတွင်ထည့်ပါ။ အခြောက်စွန့်ပစ် ပစ္စည်းများဖြစ်သော အရွက်ခြောက်၊ လွှစာမှုန့်တို့ကို အခြားပုံးအလွတ်တစ်ခုတွင် ခွဲ၍ထည့်ပါ။
- ✓ ပုံး၏ပတ်ပတ်လည်ကို အပေါက်၄-၅ ပေါက် ဖောက် ၍ ပုံး၏အောက်ခြေတွင် မြေအနည်းထည့်ပေးပါ။
- ✓ ထို့နောက် ပုံးထဲသို့ အစိုစွန့်ပစ်ပစ္စည်းနှင့် အခြောက် စွန့်ပစ်ပစ္စည်းတို့ကို တစ်လွှာချင်းစီ ထည့်ပေးပါ။
- ✓ ပုံးကို အစိုဓာတ်နှင့် အပူချိန်တို့ကို ထိန်းသိမ်းရန် အတွက် ပလပ်စတစ်(သို့မဟုတ်) သစ်သားပြား ဖြင့် ဖုံးအုပ်ပေးပါ။
- ✓ လေဝင် လေထွက်ကောင်းအောင် ပြုလုပ်ပေး၍ ရက်အနည်းငယ်ကြာ၍ ခြောက်သွေ့နေပါက ရေ ဖျန်းပေးပါ။
- ✓ ၂ လခန့်ကြာပါက မြေဆွေးပုံသည် ခြောက်သွေ့ ၍ အညိုရင့်ရောင်ပြောင်းပြီး မြေသားနံ့ရလာပါက မြေဆွေးအဖြစ် အသုံးပြုနိုင်ပြီဖြစ်ပါသည်။



## (က-၂) အကျိုးကျေးဇူး

- ✓ မိသားစုခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် လွယ်ကူစွာ ပြုလုပ်ဆောင်ရွက်နိုင်ခြင်း
- ✓ စားကြွင်းစားကျန်များနှင့် အမှိုက်များကင်းစင်ခြင်း
- ✓ ခြံတွင်း စားကြွင်းစားကျန်များ စွန့်ပစ်မှုကြောင့် ဖြစ်ပေါ် လာသော အနံ့အသက်ဆိုးများ ကင်းရှင်းခြင်း
- ✓ ကြွက်များအန္တရာယ်မှ ကင်းဝေးစေခြင်း
- ✓ သီးနှံပင်များအတွက် တန်ဖိုးရှိသော အဟာရများကို ရရှိစေခြင်း
- ✓ ၎င်းမြေဆွေးများကို အသုံးပြု၍ သန့်ရှင်းလတ်ဆတ် သော ဟင်းသီးဟင်းရွက်များအား မိမိအိမ်ခြံဝင်း အတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုး ထုတ်လုပ်နိုင်ခြင်း
- ✓ မိသားစုနှင့် စားသုံးသူများအတွက် ကျန်းမာရေး ပိုမို ကောင်းမွန်စေခြင်း




မီးဖိုချောင်စွန့်ပစ်ပစ္စည်းစုဆောင်ခြင်း




အစိုနှင့်အခြောက်တစ်လွှာစီထည့်ခြင်း




ပုံးပြည့်သည်ထိထည့်၍အဖုံးအုပ်ပေးခြင်း




(၂)လခန့်ကြာမြင့်ပါကမြေဆွေးရရှိခြင်း




မီးဖိုချောင်စွန့်ပစ်ပစ္စည်းမြေဆွေးအသုံးပြု၍ အပင်စိုက်ပျိုးခြင်း

## (ခ) စားဖိုဆောင် စွန့်ပစ်ပစ္စည်းဖြင့် အဏုဇီဝဖျော်ရည် ပြုလုပ်ခြင်း

### (ခ-၁) အကျိုးပြုအဏုဇီဝအရည်ပြုလုပ်ခြင်း

မီးဖိုချောင်မှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက် အကြွင်း အကျန်များ၊ ကြက်ဥခွံများ၊ အသီးခွံများနှင့် အမှိုက်စိုများ ကိုသေးငယ်အောင် လှီးဖြတ်၍ ၎င်းပစ္စည်းများနှင့်ထန်းလျက် (သို့မဟုတ်) တင်လဲရည်ကို ရောစပ်၍ အကျိုးပြု အဏုဇီဝ အရည် ပြုလုပ်ပါ။ ပြုလုပ်နည်းမှာ လေလုံသည့် ပလပ် စတစ်ပုံး တစ်လုံးကိုယူ၍ စွန့်ပစ်ပစ္စည်းအလေးချိန် ၅ ကီလိုဂရမ် (သို့မဟုတ်) ၃ ပိဿာတွင် ထန်းလျက် ၁.၅ ကီလိုဂရမ် (သို့မဟုတ်) ၁ပိဿာထည့်၍ နှံ့စပ်အောင် မွှေပေးပါ။ ထို့နောက် စွန့်ပစ်ပစ္စည်းမြုပ်အောင် ရေထည့်ပြီး လေလုံအောင်ပိတ်၍ အရိပ်ရသောနေရာတွင် ထားပါ။ တစ်လခန့်ကြာပါက အကျိုးပြုအဏုဇီဝ ဖျော်ရည်ပြင်းကို ရရှိနိုင်ပါသည်။ ယင်းအဏုဇီဝအရည်သည် ကောင်းစွာ အချဉ် ပေါက်ပြီးပါက အနံ့ဆိုးများမရှိပဲ ဝါညိုရောင်ရှိ၍ ချဉ်နံ့ သင်းသင်းရှိပါမည်။



ရရှိလာသော အဏုဇီဝဖျော်ရည်ပြင်းကို အသင့်သုံးပုံစံ ရရှိ စေရန် အချိုးအမျိုးမျိုး ရောစပ်အသုံးပြုနိုင်ပါသည်။ အဏုဇီဝ အရည် ဖျော်စပ်ရာတွင် ထန်းလျက်၊ တင်လဲရည် တို့အပြင် သကာရည်၊ သကြားကြမ်းတို့ကို သုံးနိုင်ပါသည်။ တင်လဲရည် အတွက် ဖျော်စပ်ရာတွင် ထန်းလျက် ၁ပိဿာကို ရေတစ် လီတာနှုန်းနှင့် ထပ်မံဖျော်စပ်၍ သုံးနိုင်ပါသည်။

အပင်တွင်ဖြန်းရန်အတွက် အသင့်သုံး အဏုဇီဝအရည် ကို အဏုဇီဝအရည်အပြင်း ၁ဆ၊ တင်လဲရည် ၄ဆ၊ ရေ ၉၅ ဆ ရော၍ ထားပါ။ အရိပ်ရပြီး အေးသောနေရာတွင် ထား ပြီး (၃-၄) ရက်ကြာလျှင် ၎င်းအရည်ကို ရေအဆ ၅၀၀ (သို့) ၁၀၀၀ဆ ရောစပ်ပြီး အသုံးပြုနိုင်ပါသည်။

လယ်ကွက်တွင်အသုံးပြုမည်ဆိုလျှင်ရေအဆ(၂၀-၅၀) ဆ ရောစပ် ပက်ဖြန်းရပါမည်။ မြေဆွေးပုံပြုလုပ်ရာ၌ သုံး ပါက ၎င်းအသင့်သုံး အဏုဇီဝအရည်ကို အသင့်သုံး အဏု ဇီဝအရည် ၁ဆ၊ တင်လဲရည် ၁ဆ၊ ရေ ၉၈ဆ ရော၍ ဖျော်ပြီး ၁၅မိနစ်ခန့်ထားကာ မြေဆွေးပုံ ပြုလုပ်ရာတွင် အသုံးပြုသည့် သစ်ရွက်ခြောက်၊ ကောက်ရိုး၊ လယ်ယာမြေ စွန့်ပစ်အမှိုက် များပေါ်တွင် ဖြန်းပေးနိုင်ပါသည်။ ထို့ပြင် လယ်ကွင်းများ၏ ရေသွင်းမြောင်းများ၊ ကတွတ်ပေါက်များမှ အသင့်သုံးအဏုဇီဝ အရည်ကို ထည့်သွင်းပေးနိုင်ပါသည်။


စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

မြေအသုံးချရေးဌာနခွဲ


# မိသားစုတိုင်းကျန်းမာဖို့၊ မီးဖိုချောင်စွန့်ပစ်ပစ္စည်းဖြင့် မြေဆွေးနှင့်အဏုဇီဝရည်ပြုလုပ်သုံးစွဲစို့





၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ